**ဖြစ်ရပ် ၁။**

Maria သည် Crammer အထက်တန်းကျောင်း၌ အသစ်ဖြစ်သည်။ Maria သည် သူမ၏အသက်အရွယ်အတွက် အလွန်သေးငယ်ပါသည်။ ကျောင်း၏ပထမအပတ်တွင် ကျောင်းသားများက သူမကို မူလတန်းကျောင်းပြန်သွားဖို့ ပြောပြောနေကြသည်။ သူမသည် သူငယ်ချင်းဖွဲ့ရန် ကြိုးစားနေသောကြောင့် ကျောင်းသားများနှင့်အတူ ရယ်မောလိုက်ရသည်။ သို့သော်လည်း ဤအရာသည် သူမ၏ခံစားချက်များကို နာကျင်စေလှပါသည်။

သူမသည် အရပ်မြင့်သည်ဟုထင်ရအောင် ဒေါက်မြင့်ဖိနပ်များဝတ်ဆင်လေ့ရှိသည်။ ကျောင်းမှယောက်ျားလေးအချို့က သူမကိုစတင်၍ စိတ်ဝင်စားလာကြပါသည်။ သူမသည်သူငယ်ချင်းစတင်ပြုလုပ်ပြီး ဝင်ဆန့်ပြီဟုထင်သည်။ ကျောင်းထဲမှ မိန်းကလေးအချို့သည် သူမရရှိသောအာရုံစိုက်ခံရမှုကို မကြိုက်ကြပေ။ သူတို့သည် အခြားသောသူများကို Maria သည် "လွယ်ကူ"ပြီး ပြည့်တန်ဆာမတစ်ဦးဖြစ်သည်ဟု စတင်စာပို့ကြပါသည်။

တစ်စုံတစ်ဦးသည် Maria ၏ Facebook ကိုရှာတွေ့ပြီး သူမ၏ ဓါတ်ပုံများကို photo-shopped လုပ်ပြီး တင်ပါတော့သည်။ ထိုဓါတ်ပုံများကို ကျောင်းခန်းမ၌ပင်လျှင် ကပ်ထားကြသည်။ Maria အကြီးအကျယ်စိတ်ထိခိုက်ရပါသည်။ သူမသည် ဒေါက်မြင့်များဝတ်ဆင်ခြင်းကို ရပ်လိုက်ပြီး သူမ၏ကိုယ်ခန္ဓာကို အဝတ်အထပ်ထပ်ဝတ်ဆင်ပြီး ဖွက်ပါသည်။ အားလုံးကသူမကို ရယ်မောကြပြီး သူမကိုနာမည်များဖြင့် ခေါ်ကြသောကြောင့် နေ့လည်စာစားချိန်တွင် အိမ်သာထဲ၌ ပုန်းနေရပါသည်။ သူမ၏ဆံပင်ရှည်ကို ညှပ်လိုက်ပြီး မိတ်ကပ်လည်း မလိမ်းတော့ပေ။

အခြေအနေ ပိုမိုဆိုးရွားလာပါသည်။ အချို့မိန်းကလေးများက Locker ခန်းထဲတွင် သူမသည် ရည်းစားတစ်ဦးရရန် အလွန်ဝပြီး ကောင်လေးများက သူမကို စမ်းသပ်ဖို့သက်သက်သာ အသုံးပြုကြောင်း ပြောကြသည်။ Maria သည် ကျောင်းစပြေးပါတော့သည်။ သူမ၏အမေကို နေမကောင်းဘူးဟုပြောသည်။ သို့မဟုတ် ကျောင်းသွားရန်အတွက် အိမ်မှထွက်သော်လည်း ပန်းခြံသို့သာ သွားရောက်နေပါသည်။

၁။ ဤအရာသည် အနိုင်ကျင့်ခြင်း ဟုတ်ပါသလား။

၂။ ဤအရာသည် DASA ဥပဒေ သို့မဟုတ် ကျောင်းသားကျင့်ဝတ်နှင့် ကိုက်ညီပါသလား။

၃။ ဤကျောင်းသားကို အကူအညီပေးရန် ဘာလုပ်နိုင်မလဲ။

၄။ ဤကျောင်းသားအတွက် သင်ဘယ်လိုထောက်ခံအားပေးနိုင်မလဲ။

<u>ဖြစ်ရပ် ၂ ။</u>

Thdah နှင့် Su တို့သည် သူငယ်ချင်းများဖြစ်ကြသည်။ Thdah သည် Su ကျောင်း၌ သူငယ်ချင်းအသစ်များ လုပ်သည်ကို မကြိုက်ပေ။ Thdah က Su ကိုသူမသည် သူမအတွက် သူငယ်ချင်းကောင်းမဟုတ်ခဲ့ကြောင်း နှင့် သူမသည် သူမ၏ရိုးရာယဉ်ကျေးမှုကို ဆန့်ကျင်ကြောင်းပြောပါသည်။ Su က ထိုအရာကို လျစ်လျူရှုလိုက်သည်။

မကြာမီ၊ Su နှင့် သူမ၏မိသားစုသည် သူတို့၏လူ့အသိုင်းအဝိုင်း အစီအစဉ်များတွင်ပင် တက်ရောက်ရန် ဖိတ်ကြားခြင်း မခံရတော့ပေ။ Thdah က သူမနှင့်အတူ စာမလုပ်နိုင်တော့ကြောင်း ပြောသည်။ Su က ဘာကြောင့်လဲဟု မေးသောအခါ Thdah ကသူမသည် အမေရိကန်အရမ်းဆန်လာသောကြောင့်ဟုပြောပါသည်။

Su ၏အသိုင်းအဝိုင်းမိတ်ဆွေများသည် သူမကို ကျောင်းထဲ၌ လျစ်လျူရှုလာကြသည်။ သူတို့နှင့်နေ့လည်စာ စားခွင့် သို့မဟုတ် ကျောင်းသို့ အတူတူလမ်းလျှောက်ခွင့် မပေးတော့ပေ။ သူမအထီးကျန် ခံစားရပါသည်။ သူမ၏မိဘများနှင့် စကားပြောဆိုသောအခါ သူတို့က သူမ၏လူ့အသိုင်းအဝိုင်းနှင့် ရိုးရာယဉ်ကျေးမှုတူသော သူငယ်ချင်းများနှင့် ပိုကြိုးစား၍ အချိန်ပိုသုံးသင့်သည်ဟု ထင်ကြသည်။ သူမသည် အတူတကွပေါင်းစည်းရန် စီစဉ်ပါသည်။ သို့သော် တစ်ယောက်မှ မလာပါ။

၁။ ဤအရာသည် အနိုင်ကျင့်ခြင်း ဟုတ်ပါသလား။

၂။ ဤအရာသည် DASA ဥပဒေ သို့မဟုတ် ကျောင်းသားကျင့်ဝတ်နှင့် ကိုက်ညီပါသလား။

၃။ ဤကျောင်းသားကို အကူအညီပေးရန် ဘာလုပ်နိုင်မလဲ။

၄။ ဤကျောင်းသားအတွက် သင်ဘယ်လိုထောက်ခံအားပေးနိုင်မလဲ။

<u>ဖြစ်ရပ် ၃ ။</u>

Cameron နှင့် Lee တို့သည် ဘေ့စ်ဘောကို နှစ်သက်ကြသည်။ သူတို့နှစ်ယောက်စလုံးသည် အသက်၇နှစ် ဖြစ်ကြပြီး ဒုတိယတန်းတွင်နေကြသည်။ သူတို့သည် နေ့တိုင်းကျောင်းအားလပ်ချိန်များ၌ ကစားကွင်းတွင် ဘောလုံးဖမ်းကစားခြင်းကို နှစ်သက်ကြသည်။ အခြားကျောင်းသားအချို့ ပါဝင်ကစားလာပြီး သူတို့သည် ကျောင်းသားသစ် Juan အား ဘောလုံးမည်ကဲ့သို့ ဖမ်းရမည်ကို သင်ပေးကြသည်။ Cameron ၌ရှိသော လက်အိတ်အပိုကို သူသည် Juan ကိုပေးခဲ့သည်။ ဤကောင်လေး သုံးယောက်သည် အလွန်ရင်းနှီးသော သူငယ်ချင်းများဖြစ်လာကြသည်။

Cameron ၏အိမ်နီးနားချင်းဖြစ်သော Alisha သည် ၅တန်းတက်နေပါသည်။ သူမသည် Cameron ကိုကြိုက်သော်လည်း သူက သူမကို မကြိုက်ပေ။ Alisha သည် Cameron ကိုစိတ်ဆိုးလာပါသည်။ သူမသည် သူ့ကို အော်ပြီး အဘယ်သူမျှ သူ့ကိုမကြိုက်ကြောင်းပြောသည်။ သူမသည် ကျောင်းနှင့် ကျောင်းကားပေါ်တွင် သူ့ကို နာမည်များဖြင့်ခေါ် ပါသည်။ Alisha က Lee နှင့် Juan ကို Cameron သည် ပုံမှန်မဟုတ်ကြောင်းစတင်ပြောပြီး သူ့အကြောင်း အလိမ်အညာများဖြင့်ပြောနေပါသည်။ သူမက Lee ကို Cameron က သူသည် တရုတ်ဖြစ်သောကြောင့် မခင်မင်သည့်အကြောင်း ပြောသည်။ Alisha က Cameronသည် သူ့ကို “မျက်စိတိမ်းစောင်းသူ” “slant eyes” နှင့် “အဝါရောင်ကောင်လေး” “yellow-boy” ဟုခေါ်ကြောင်းပြောပါသည်။ Lee ဝမ်းနည်းပါသည်၊ သို့သော် Cameron ကို ထိုအကြောင်းမမေးပေ။ Cameron နှင့် ဘောလုံးဖမ်းကစားခြင်းကို ရပ်ပစ်လိုက်သည်။

တစ်နေ့တွင် Alisha သည်ကစားကွင်း၌ Cameron ထံသို့လာပြီး သူ့ကိုနမ်းပါသည်။ သူသည် သူမကို တွန်းထုတ်ပစ်ပြီး ထိုအရာအားရပ်လိုက်ဖို့ ပြောသည်။ ထိုနောက် သူမသည် ဆရာထံသို့သွားပြီး ဆရာ့အား Cameron က သူ့ကို တွန်းခဲ့ကြောင်းပြောပါသည်။ Cameron သည် ပြဿနာအတွင်းရောက်ခဲ့ရပြီး ကျောင်းအားလပ်ချိန်နှစ်ရက် ဆုံးရှုံးရသည်။ Lee နှင့် Juan တို့က ဖြစ်ပျက်သည့်အရာကို မြင်တွေ့ခဲ့သည်။ ကောင်လေးများ ဘာလုပ်ရမည်ကို မသိကြပါ။ သူတို့သည် ဖြစ်ပျက်ခဲ့သည့် အဖြစ်မှန်ကို ဆရာအား ပြောပြချင်သည်။ Lee ကလည်း Alisha ဘာလုပ်ခဲ့သည်ကို ပြောချင်သည်။

၁။ ဤအရာသည် အနိုင်ကျင့်ခြင်း ဟုတ်ပါသလား။

၂။ ဤအရာသည် DASA ဥပဒေ သို့မဟုတ် ကျောင်းသားကျင့်ဝတ်နှင့် ကိုက်ညီပါသလား။

၃။ ဤကျောင်းသားကို အကူအညီပေးရန် ဘာလုပ်နိုင်မလဲ။

၄။ ဤကျောင်းသားအတွက် သင်ဘယ်လိုထောက်ခံအားပေးနိုင်မလဲ။